လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter | သတင်းလွှာ | December 2025

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်** **နေပြည်တော်**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်တွင် နေပြည်တော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ ဖိတ်ကြားထားသည့် မသန်စွမ်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော/ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျောင်းသား/ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက လူ့အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ အများနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကို အလေးဂရုပြုတတ်စေရေးတို့အတွက် နှစ်စဉ် ဒီဇင်ဘာလ (၃)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝှမ်းတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ၌ (၃၂)ကြိမ်မြောက်အဖြစ် “Fostering Disability inclusive societies for advancing social progress” “လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများ ပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး” ဆောင်ပုဒ်အား ယခုနှစ်အတွက် သတ်မှတ်ထားပါကြောင်း၊ မသန်စွမ်းသူများ၏ အရည်အသွေးကိုရယူပြီး နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်အတွက် အသုံးပြုနိုင်ပါက ရေရှည် တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်သောလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် ပညာရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ အနေဖြင့် အခြားသူများနည်းတူ သင်ကြားမှုသင်ယူမှုပြုနိုင်ရေးအတွက် လိုအပ်သောနည်းပညာနှင့် သင်ထောက်ကူပစ္စည်းများပံ့ပိုးပေးခြင်းတို့အား နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများ အနေဖြင့် အလုပ်အကိုင်နှင့်ကိုယ်ပိုင်ဝင်ငွေရှိမှသာအမှီအခိုကင်းစွာ၊ ဂုဏ်သိက္ခာရှိစွာ ဘဝရပ်တည် နေထိုင်နိုင်မည်ဖြစ်ပါကြောင်း၊ မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ကြောင်း နားလည်လက်ခံပြီး မသန်စွမ်းသူများ ပါဝင်

လုပ်ကိုင်နိုင်သည့် လုပ်ငန်းခွင်များ ပေါ်ပေါက်လာစေခြင်း၊ မူဝါဒနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် အဆင့်များတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်စေခြင်း တို့ကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာ အီလက်ထရောနစ် မဲပေးစက် လက်တွေ့စမ်းသပ် အသုံးပြုခြင်း အစီအစဉ်များကို နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိတ္ထီလာမြို့များမှာ အကောင်အထည်ဖော်ဆောင်ရွက်ထားပြီးဖြစ်၍ မကြာမီ ကျင်းပမည့်ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကြီးတွင် မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်ထား တိုက်တွန်း မှာကြားလိုပါကြောင်း၊ မသန်စွမ်းသူများနှင့် ပတ်သက်သည့် အရေးကိစ္စများမှာ လူ့အသိုက်အဝန်းတစ်ခုလုံးနှင့် သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးရေးကိစ္စဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကို အသိအမှတ်ပြုသည့် ရှုထောင့်သစ်၊ အမြင်သစ်ဖြင့် နားလည် လက်ခံပေးရမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာအန်တိုနီယိုဂူတာရက်စ်၏ သတင်းစကားရုပ်သံနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်မှတ်တမ်းဗီဒီယိုတို့ကို ပြသခဲ့ပြီး နားမကြားသောကလေးများကျောင်း (ရန်ကုန်) မှ ကျောင်းသား၊ ကျောင်းသူများက ဗုံကြီးသံ (ယိမ်း)၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း (ရန်ကုန်) မှ ကျောင်းသူလေးက မှုံရွှေရည် (အက) ၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကျောင်းသားများက အနာဂတ်လမ်း (အဆို) ဖြင့် ဂုဏ်ပြုတင်ဆက်ခဲ့ကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တို့က အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအားဂုဏ်ပြုတံဆိပ်၊ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ ကပြ ဖျော်ဖြေသည့် မသန်စွမ်းကျောင်းသား/ ကျောင်းသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီးအပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား လက်ခံတွေ့ဆုံ



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံရာတွင် UNFPA မှ လျော့ပါးရေးသင့် ဒေသများအတွက် Dignity Kits များ ထောက်ပံ့ပေးခဲ့မှု၊ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Centre - OSWSC) များတွင် ဝန်ဆောင်မှုပေးနေသည့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် UNFPA မှ ထောက်ပံ့ပေး နေမှုများ၊ UNFPA ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ခွင့် ဗီဇာကိစ္စများ ညှိနှိုင်းဆောင်ရွက် ပေးခဲ့မှုနှင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့အကြား ကျား၊ မတန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်း အစီအစဉ် Workplan အား သက်တမ်းတိုး လက်မှတ်ရေးထိုး၍ လုပ်ငန်းများ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

## "အသက်(၆)လမှ(၃)နှစ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း" သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်** **နေပြည်တော်**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနများတွင် နေ့ကလေး ထိန်းဌာနများဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သော "အသက် ၆ လမှ ၃ နှစ် ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း" သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်တွင် ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အဖွင့်အမှာစကားပြောကြားရာ ယခုသင်တန်းသည် သင်တန်းကာလ ၁လဖြစ်သော်လည်း သင်တန်းမှပို့ချချက်များသည် နေ့ကလေးထိန်းဌာနတစ်ခု ဖွင့်လှစ် နိုင်ရန်လိုအပ်ချက်များကို အထောက်အပံ့ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ သင်တန်းတွင် ကလေးသူငယ်များအတွက် နိုင်ငံတော်၏ မူဝါဒပိုင်းဆိုင်ရာများ၊ အထူး အခြေအနေရှိသည့် ကလေးများအကြောင်း၊ နေ့ကလေးထိန်းအရွယ်ကလေးများအတွက် ကျန်းမာရေးနှင့် အာဟာရပံ့ပိုးပေးမှုကဏ္ဍ၊ ကလေးများ ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာသဘောတရား၊ ဘက်စုံဖွံ့ဖြိုးမှုအထောက်အပံ့ ဖြစ်စေမည့် အပြုသဘောဆောင်သည့် ပြုစု စောင့်ရှောက်

မှု အရေးကြီးပုံနှင့် နေ့ကလေးထိန်းကျောင်း တစ်ကျောင်း၏ လိုအပ်ချက်နှင့် သင်ခန်းစာပြင်ဆင်မှုများကို စာတွေ့/လက်တွေ့ သင်ကြားပေးခဲ့ပါကြောင်း၊ သင်တန်းတက်ရောက်ပြီးသူများသည် သင်ယူခဲ့ရသည့် ပို့ချချက်များအပေါ် လက်တွေ့အသုံးချ သွားရန်နှင့် ကလေးပြုစုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံ သဘောတရားများအပေါ် ဆက်လက် လေ့လာသွားရန်လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနများရှိ ဝန်ထမ်းများ၏ သား/သမီးငယ်များကို စနစ်တကျပြုစုစောင့်ရှောက်မှုပေးပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေး၊ စိတ်ခံစားမှု စသည့်ဖွံ့ဖြိုးမှု ရရှိစေအောင် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း၊ နေ့ကလေးထိန်းဌာနများအား ဝန်ကြီးဌာနများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းဖြင့်ရုံးဝန်ထမ်းမိသားစုများအနေဖြင့်များစွာ အထောက် အပံ့ဖြစ်စေမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ သင်တန်းဆင်း လက်မှတ်များ ချီးမြှင့် ပေးအပ်ခဲ့ပြီး သင်တန်းသူများ (ကိုယ်စား) သင်တန်းသူတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသူများ ကိုယ်တိုင်ပြုလုပ်ထားသည့် ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ သင်ထောက်ကူလက်မှုပစ္စည်းများပြုလုပ်ထားမှုအား လှည့်လည်ကြည့်ရှု ခဲ့ကြပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သိုလှောင်ရုံထိန်းသိမ်းခြင်းသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်**



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်** **နေပြည်တော်**

ဝန်ထမ်းများစွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် သိုလှောင်ရုံထိန်းသိမ်းခြင်းသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် အလယ်အလတ်အဆင့် အရာထမ်းများအနေဖြင့် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ မြင့်မားစေရန်၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ နားလည်ပြီး ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရေး၊ လုပ်ငန်းဆောင်ရွက်ရာ၌ ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်စေရန် ဘေးသင့်သူများသို့ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ထားသည့် သိုလှောင်ရုံများကို စနစ်တကျစီမံခန့်ခွဲနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ယခုသင်တန်းကို စီစဉ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အလယ်အလတ်အဆင့်ရှိ အရာထမ်းများသည် အထက်အဆင့်အရာရှိကြီးများနှင့် အောက်တွင် အဆင့်ဆင့်တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်း

များအကြား ကွာဟချက်များကို ထိန်းညှိဆောင်ရွက်ပေးသူများ ဖြစ်သည့်အတွက်ကြောင့် မိမိတို့၏ လုပ်ငန်းအပေါ် နားလည်မှု၊ စွမ်းဆောင်ရည်ရှိမှုနှင့် စနစ်တကျစီမံခန့်ခွဲတတ်မှုများသည် ဌာန၏ လုပ်ငန်းလည်ပတ်မှုအပေါ်၌များစွာ အကျိုးသက်ရောက်မှု ရှိနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်ပြီး ဝန်ထမ်းရေးရာ ကိစ္စရပ်များအား စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးပို့ချသွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေကို သုံးစွဲ၍ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေးသည် အရေးကြီးသည့်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးများကို ပို့ချပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာန၏ ရည်ရွယ်ချက်နှစ်ရပ်အနက် ပထမ ရည်ရွယ်ချက်ဖြစ်သည့် “သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခကြုံတွေ့နေရသည့် ဘေးသင့်သူများ၏ လတ်တလောစားဝတ်နေရေး သက်သာချောင်ချိမှုရရှိစေရေးအထောက်အပံ့ပေးရန်” ဆိုသည့်အချက်အား အကောင်အထည်ဖော်ရာ၌ ထောက်ပံ့မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးပစ္စည်းများ ကြိုတင်ဝယ်ယူသိုလှောင်ထားရှိသည့် သိုလှောင်ရုံများကို စနစ်တကျ စီမံခန့်ခွဲတတ်စေရေန် သိုလှောင်ရုံ ထိန်းသိမ်းခြင်းဆိုင်ရာ သင်ခန်းစာများကိုလည်း ဆွေးနွေး ပို့ချမည်ဖြစ်ပါကြောင်း၊ အာဆီယံအဆင့်တွင်လည်း “အာဆီယံအရေးပေါ် ထောက်ပံ့ပို့ဆောင်ရေး စနစ်” Disaster Emergency Logistics System for ASEAN (DELSA)ကို ဆောင်ရွက်လျက်ရှိပြီး အာဆီယံဒေသတွင်း နိုင်ငံများ၌ ဘေးဖြစ်ပွားသည့်အချိန်တွင် ထောက်ပံ့နိုင်ရေးမလေးရှားနိုင်ငံ၊ ဆူဘန်းမြို့၊ ထိုင်းနိုင်ငံ၊ ချိုင်းနတ်ခရိုင်နှင့် ဖိလစ်ပိုင်နိုင်ငံ၊ ကွာဇုန်မြို့များတွင် ဒေသအလိုက် သိုလှောင်ရုံများထားရှိကာ ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်၌ မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ရာဂီနှင့်ဆက်စပ်ဖြစ်ပေါ်သည့်ရေဘေး၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုများ၌လည်း မြန်မာနိုင်ငံမှ ဘေးသင့်သူများသို့ ထောက်ပံ့ပေးမှုများ ပေးခဲ့သဖြင့် သိုလှောင်ရုံဆိုင်ရာ ကိစ္စရပ်များသည်လည်း အရေးပါသည့်လုပ်ငန်းတစ်ခုဖြစ်၍ သင်တန်းမှ ရရှိခဲ့သည့် အတွေ့အကြုံ ဗဟုသုတများကို အသုံးချ၍ လုပ်ငန်းခွင်၌ စနစ်တကျ၊ မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်နိုင်စေရေး ကြိုးစားလေ့လာပြီး အခြားသူများကိုလည်း လက်ဆင့်ကမ်းမျှဝေကာ အချင်းချင်း လုပ်ငန်းအတွေ့အကြုံများ ဖလှယ်ကြစေလိုကြောင်းပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်းများသို့ ကြည့်ရှုစစ်ဆေး



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ သွားရောက်ခဲ့ရာ လူငယ်သင်တန်းကျောင်းကျောင်းအုပ်မှ ကလေးများ အတန်းပညာသင်ကြားနေမှုများနှင့် ကျောင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် လူငယ်သင်တန်းကျောင်းရှိ ကလေးများမူလတန်းပညာရေး သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ပါသည်၊ ဆက်လက်၍ လူငယ်သင်တန်းကျောင်း ကျောင်းစာကြည့်တိုက်၊ ကျောင်းသားအိပ်ဆောင်များသို့ လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး ကျောင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားများ ပြောကြားခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ ထို့နောက် လူငယ်သင်တန်းကျောင်းဝန်းအတွင်း ကျောင်းသားများအတွက် တစ်ပိုင်တစ်နိုင် စိုက်ခင်းများ စိုက်ပျိုးထားမှုအခြေအနေကို ကြည့်ရှုခဲ့ပြီး ကျောင်းသားများအတွက် ဟင်းသီးဟင်းရွက်များ စားသုံးနိုင်ရေး ရာသီအလိုက် စိုက်ပျိုးသွားရန် ညွှန်ကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မသန်စွမ်းသက်ကြီး သင်တန်းကျောင်းသို့ သွားရောက်၍ (၈-၅-၂၀၂၅) ရက်မှ (၂၆-၃-၂၀၂၆) ရက်အထိ ဖွင့်လှစ်လျက်ရှိသော အီလက်ထရောနစ် သင်တန်းတွင် သင်ကြားနေသော သင်တန်းသားများအား ကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံဆိပ်ရိုက် သင်တန်းခန်း၊ စက်ချုပ်သင်တန်းခန်း၊ ကွန်ပျူတာခန်းနှင့် ဆံသသင်တန်းခန်းများသို့သွားရောက်၍ ကြည့်ရှုခဲ့ပါသည်။

ယင်းနောက်ကျောင်းအုပ်ကြီးမှ သင်တန်းကျောင်းတွင် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးမှ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ သင်ကြားပေးသော သင်တန်းများသည် မသန်စွမ်းသူများ အတွက် အကျိုးရှိအောင် သင်ကြားနိုင်ရေး၊ ရပ်ရွာအတွင်းတွင် မသန်စွမ်းသူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး၊ သင်တန်းတက်ရောက်ပြီးသူများ အနေဖြင့် အသက် မွေးဝမ်းကျောင်း လုပ်ငန်းများဆောင်ရွက်နိုင်မှု အခြေအနေများအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်သွားရန် လိုအပ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ သင်တန်းအထောက်အကူပြုပစ္စည်းများအပါအဝင် လိုအပ်သည်များကို တင်ပြတောင်းခံရန်နှင့် သင်တန်းကျောင်းနှင့် ကျောင်း ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ရန်လမ်းညွှန်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့ ဖွင့်လှစ်သည့် သင်တန်းသည် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများရရှိရန် ရည်ရွယ် ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံလူဦးရေ ထက်ဝက်ကျော် ရှိသည့် အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်မှု ရှိရန်လိုအပ်ပါကြောင်း၊ အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အခွင့်အလမ်းများ တန်းတူခံစားရရှိစေခြင်းများသည် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များသို့

အရောက်လှမ်းနိုင်ရန် အထောက်အပံ့ကောင်းတစ်ခုဖြစ်ပါကြောင်း၊ ယခုသင်တန်းကို ကမ္ဘာတစ်ဝှမ်းလုံးတွင် ဆောင်ရွက်နေသည့် ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီး အခွင့်အရေးများနှင့်အညီ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိသော Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကို ပိုမိုသိရှိစေရန်၊ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များတွင် ကျား-မ ရေးရာထည့်သွင်း စဉ်းစားခြင်း (Gender Mainstreaming) ဆောင်ရွက် လာနိုင်စေရန်နှင့်ဝန်ကြီးဌာန၊အဖွဲ့အစည်းများအကြားချိတ်ဆက်ပူးပေါင်းမှုပိုမိုအားကောင်းလာခြင်းဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများကို ပိုမိုမြှင့်တင် ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊မိမိတို့ဝန်ကြီးဌာန အနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း - NSPAW (၂၀၂၃-၂၀၃၂) ကို ဦးဆောင်ကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် ကျား - မ ရေးရာဆိုင်ရာ အချက် အလက်များ ကောက်ယူရန် ကျား-မ ရေးရာတာဝန်ခံ (Gender Focal Point) များ ခန့်အပ်ထားပြီး ဖြစ်ပါကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်ကြသော Gender Focal Point များ အနေဖြင့်အဆင့်မြင့်အရာထမ်းများဖြစ်သလိုသက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဝန်ကြီးရုံးတွင် တာဝန်ယူဆောင်ရွက်နေကြသူများဖြစ်သည့်အတွက် ဝန်ကြီးဌာနအလိုက် ကျား-မ ရေးရာဆိုင်ရာအချက်အလက်များ ကောက်ယူရာတွင် ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ သင်တန်းမှရရှိသည့် ဗဟုသုတများဖြင့် NSPAW (၂၀၂၃-၂၀၃၂) လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ မဟာဗျူဟာများနှင့် ချိတ်ဆက်ပြီး အလေးထား ကူညီဆောင်ရွက် ပေးကြပါရန်နှင့် ဝန်ကြီးဌာနများ၏ လက်တွေ့ကျသည့် ကျား-မရေးရာ ထည့်သွင်း စဉ်းစားခြင်း (Gender Mainstreaming) နည်းလမ်းများ အပါအဝင် စိန်ခေါ်မှုနှင့် အလေ့အကျင့်ကောင်းများရှိပါက မျှဝေဆွေးနွေးပေးစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်** **နေပြည်တော်**

## “လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းနှင့် အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်းသင်တန်း” ဖွင့်ပွဲ အခမ်းအနားကျင်းပ

“လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ စွမ်းရည် မြှင့်တင်ခြင်းနှင့် အမျိုးသားအဆင့်စံလုပ်ငန်း အစီအစဉ် အသုံးပြုနည်း

သင်တန်း” ဖွင့်ပွဲအခမ်းအနားကို ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဒေါက်တာသန်းစိုးက အဖွင့်အမှာစကားပြောကြားရာ မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် Coordinated Mekong Ministerial Initiative Against Trafficking (COMMIT) နှင့် နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (The United Nations Convention against Transnational Organized Crime) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါကြောင်း၊ ASEAN Convention Against Trafficking in persons, Especially Women and Children (ACWC) ကိုလည်း ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသည့် သဘောတူ စာချုပ်များတွင် ပါရှိသည့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ (Protection) အပိုင်းကို သတ်မှတ်ထားသည့် စံချိန်၊ စံညွှန်းများနှင့် အညီ နှစ်စဉ်လုပ်ငန်းစီမံချက်များရေးဆွဲ၍ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ “လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိဘရပ်ထံ ပြန်လည်အပ်နှံရေးနှင့် မိသားစုနှင့် ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ အမျိုးသားလုပ်ငန်းလမ်းညွှန်”နှင့် “အမျိုးသား အဆင့်စံလုပ်ငန်းအစီအစဉ်” တို့အား ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲခဲ့ပြီး အသုံးပြုလျက်ရှိပါကြောင်း၊ လူကုန်ကူးခံရသူများအား အကူအညီပေးခြင်း၊ ပြန်လည်ပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ကူညီမှုပေးနေသည့် ဌာနဆိုင်ရာ အသီးသီးအနေဖြင့် လုပ်ငန်းများကို ပိုမိုစနစ်ကျစွာပူးပေါင်း ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး လူကုန်ကူးခံရသူများ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်** **နေပြည်တော်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီ အစည်းအဝေးအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ လက်ထက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် (၁၁) ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ဒုတိယဝန်ကြီးများပါဝင်သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာ ဗျူဟာစီမံကိန်း (NSPAW) ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုများဖြင့် NSPAW တွင် ပါဝင်သည့် လုပ်ငန်းနယ်ပယ် (၁၂) ရပ်အလိုက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ Focal ဌာနများအနေနှင့် NSPAW (၂၀၂၃ - ၂၀၃၂) ၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၂) နှစ်အစီရင်ခံစာအပေါ်၌ အောင်မြင်မှု၊ စိန်ခေါ်မှု၊ လက်ရှိ အကောင်အထည်ဖော်မှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးဆုံး ဖြတ်ချက်များအား မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီအစည်းအဝေးတွင် တင်ပြသွားမည် ဖြစ်ပါကြောင်း၊ NSPAW (၂၀၂၃ - ၂၀၃၂) စာအုပ်အား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် အမျိုးသမီးအဖွဲ့အစည်းများသို့ ဖြန့်ဝေခဲ့ပြီး ဝန်ကြီးဌာန Website တွင်လည်း လွှင့်တင်ထားပြီးဖြစ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အင်္ဂလိပ်ဘာသာဖြင့် ထပ်မံထုတ်ဝေနိုင်ရေး ပုံနှိပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်** **နေပြည်တော်**

## မန္တလေးတိုင်းဒေသကြီးရှိ အမျိုးသမီးကလေးများသင်တန်းကျောင်းတွင် အိပ်ဆောင်ဆောက်လုပ်ပြီးမြောက်ခြင်းနှင့် လွှဲပြောင်းခြင်းအခမ်းအနားကျင်းပ

မဲခေါင်-ဂင်္ဂါစီမံချက်အရ အိန္ဒိယနိုင်ငံအစိုးရမှ လှူဒါန်းသည့် မန္တလေးတိုင်းဒေသကြီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ သင်တန်းသူအိပ်ဆောင် ၁ ထပ်ဆောင် ဆောက်လုပ်ခြင်းစီမံကိန်း ပြီးမြောက်ခြင်းနှင့် လွှဲပြောင်းခြင်းအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်တွင် အဆိုပါ သင်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၊ ဦးမျိုးအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး၊ဒေါက်တာသန်းစိုး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး .H.E. Mr နှင့် တာဝန်ရှိသူများ Abhay Thakur တက်ရောက် ခဲ့ကြပါသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၊ ဦးမျိုးအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur တို့က အဆောက်အဦအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့ပြီး ကမ္ပည်းမော်ကွန်းအား နံ့သာရေများဖြင့် ပက်ဖျန်းခဲ့ကြပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဒေါက်တာသန်းစိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur က နှုတ်ခွန်းဆက် အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီး H.E. Mr. Abhay Thakur ထံသို့ အမှတ်တရလက်ဆောင် ပစ္စည်းပေးအပ်ခဲ့ပြီး တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်** **မန္တလေးတိုင်းဒေသကြီး**

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကျင်းပ

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ အစည်းအဝေး ခန်းမ၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်တွင် ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲ စေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကအဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ အနေဖြင့် မူးယစ်ဆေးဝါး ပြဿနာကို အမျိုးသားရေး တာဝန်အဖြစ် ကြိုးပမ်းဆောင်ရွက်နေပြီး မူးယစ် ဆေးဝါး ထိန်းချုပ်ရေးအတွက် ဝန်ကြီးဌာနအသီးသီးနှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့ အစည်းများကလည်း ကဏ္ဍအလိုက် နည်းလမ်း အမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အောက်တွင် လုပ်ငန်း အဖွဲ့(၁၁)ဖွဲ့ ဖွဲ့စည်းထားပြီး ပြန်လည် ထူထောင်ရေးအဖွဲ့အနေဖြင့် မူးယစ် ဆေးဝါး ဖြတ်ပြီး သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန် မူဝါဒနှင့် လုပ်ငန်း အစီအစဉ်များ ရေးဆွဲခြင်းများ၊ နီးနွယ်ဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးစွဲလူနာများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး နှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြား ပေးခြင်း၊ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက် ပေးခြင်းတို့အား ကြိုးကြပ်လမ်းညွှန်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့် နိုင်ငံဖြတ်ကျော် မှုခင်းများနှင့် Non-Traditional Security Threats အဖြစ် ဆက်နွယ်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုများစွာ ထိခိုက်စေနိုင်ပြီး လူသားအရင်း အမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ အဖွဲ့ဝင်ဌာန များအနေဖြင့် မူးယစ်ဆေး သုံးစွဲသူများ ပြန်လည် ထူထောင်ရေး၊ မူးယစ်ဆေးပြန်လည် မသုံးစွဲရေးအတွက် ဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးပေးရန် မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးအဖွဲ့ အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေး တက်ရောက်လာသူများမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပါသည်။



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်** **နေပြည်တော်**

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ




"လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများ ပါဝင်သောလူ့အဖွဲ့အစည်းများမြှင့်တင်ပေး"ဟူသောဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၌ တိုင်းဒေသကြီး/ ပြည်နယ်များအသီးသီးတွင် ကျင်းပဆောင်ရွက်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များ၊ တရားလွှတ်တော် တရားသူကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်းအဖွဲ့ဝင်များ၊ မသန်စွမ်း အသင်းအဖွဲ့များနှင့် ပြန်လည်ထူထောင်ရေးဌာနများ၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ မသန်စွမ်းသူများနှင့် မိဘများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။




အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်းတို့အား Video Clip ပြသခဲ့ပါသည်။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ



"အမျိုးသမီးများအပေါ်ဒစ်ဂျစ်တယ်အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်း ဆောင်ရွက်ရေး" ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးကြီးကြပ်စောင့်ရှောက်မှုအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မူလတန်းကြိုကျောင်းများမှ ကလေးမိဘများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက်တက်ရောက်လာကြသောဧည့်သည်တော်များသည် အမျိုးသမီး များအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆောင်ရွက်ချက် Video Clip ပြသမှုအားကြည့်ရှုအားပေး ခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးခဲ့ကြပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရေးကော်မတီနှင့် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံစက်ချုပ်သင်တန်း ဆင်းပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်တွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ ဝန်ထမ်းများ၊ သင်တန်းသူများ စုစုပေါင်း (၁၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က သင်တန်းဆင်း အမှာစကား ပြောကြားရာ ဒေသနှင့်ကိုက်ညီမှု ရရှိစေသည့် အသက်မွေးမှုနှင့် ကျွမ်းကျင်မှုသင်တန်းများအား ယခင်နှစ်များနည်းတူ စဉ်ဆက်မပြတ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါကြောင်း၊ မိသားစုအလိုက် ဝင်ငွေရရှိမှုသာ ဆင်းရဲနွမ်းပါးမှု လျော့ချပြီး ကလေးသူငယ်များ လုပ်ငန်းခွင်ဝင်ရောက်မှု လျော့ပါးမည်ဖြစ်ပါကြောင်း၊ ကျောင်းပြင်ပရောက်ရှိနေသည့်ကလေးများ ပညာရေးလက်လှမ်းမီစေရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုသင်တန်းကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများပပျောက်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး စာတွေ့လက်တွေ့ သင်ကြားပေးခြင်းဖြစ်သဖြင့် သင်တန်းသူများအတွက် တန်ဖိုးရှိသော သင်တန်းတစ်ခုဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ တိုင်းဒေသကြီး

သယံဇာတရေးရာဝန်ကြီးမှ သင်တန်းသူများ အားလုံး ကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ပါသည်။

## လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်



မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များအတွင်း၌ ဖြစ်ပေါ်လျက်ရှိသော လူမှုရေးရာ ကိစ္စများအား စနစ်တကျ ကူညီဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်သူလူထုသို့ ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ မကွေးမူလတန်းကြို ကျောင်းခန်းမ၌ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု အသိပညာပေးသင်တန်းအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်မှ ၁၂ ရက်အထိ (၅) ရက်တိတိ ဖွင့်လှစ်ခဲ့ပြီး အဆိုပါ သင်တန်းသို့ သင်တန်းသား/ သူ စုစုပေါင်း (၃၁) ဦးတို့ တက်ရောက်ခဲ့ပါသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ လူမှုဝန်ထမ်းဦးစီးဌာန ရုံး၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်မှ ၂၆ ရက်အထိ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှု အသိပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များ အကြောင်းကို ရှင်းလင်းပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား/ သူ (၃၈) ဦးတက်ရောက်ခဲ့ပါသည်။

## ပုသိမ်မြို့ ပမ္မဝတီခန်းမ၌ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် ကျား-မ အခြေပြုအကြမ်းဖက်မှုပပျောက်ရေးအသိပညာပေး ဟောပြောပွဲကျင်းပ



အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် ကျား-မ အခြေပြု အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် အ.ထ.က (၆) ပုသိမ်မြို့ ပမ္မဝတီခန်းမ၌ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ၊ ဆရာ/ ဆရာမများ နှင့်ကျောင်းသား/ သူများဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြည်ကြည်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။



ယင်းနောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှ တပ်ဖွဲ့မှူး၊ ပုသိမ်နယ်မြေခန်းမှူးနှင့် တိုင်းလူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးတို့က အသိပညာပေးဟောပြောခဲ့ပါသည်။

# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း



လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီ တိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ (၃) မိုင်မြို့၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၃-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ကျိုက်လတ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၄-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၅-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊မြို့ပေါ်ရပ်ကွက်များရှိလူစည်ကားရာ နေရာများ၊ ဈေးများနှင့် လမ်းဆုံ/ လမ်းခွနေရာများ၌ မီးဘေး၊ လျှပ်စီးနှင့် လေပြင်းဘေးအန္တရာယ်များနှင့် ပတ်သက်၍ဆောင်ရန်/ရှောင်ရန်အချက်များကိုလှည့်လည် အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၅-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်း ဒေသကြီး၊ ဖျာပုံမြို့နယ်၊ အမှတ် (၁၇)၊ အမှတ် (၁၈)၊ အမှတ် (၁၉) ရပ်ကွက်တို့နှင့် အပြောင်းကျေးရွာတို့၌ သဘာဝဘေး

အန္တရာယ်များ နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို လှည့်လည် အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။




မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၅-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီ တိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ အေးစေတီ ဘုန်းတော်ကြီးကျောင်း၌ အမျိုးသမီးများ အပေါ်အကြမ်းဖက်မှုပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲတွင် ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ငလျင်ဘေးအန္တရာယ် နှင့် မီးဘေးအန္တရယ်ဆိုင်ရာအသိပညာပေးဟောပြောခြင်း နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။



ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၉-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ ဆောင်ရွက်ခဲ့ပါသည်။



မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၁-၁၂-၂၀၂၅) ရက်တွင် မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ကုန်းတန်း(တောင်) ကျေးရွာအုပ်စု၊ တော်ဝကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း (တော်ဝ)၌ဦးစီးဌာန လုပ်ငန်းဆောင်ရွက်ချက်များ သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မြန်အောင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၂-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ သက္ကယ်ပြင် (သံ)ကျေးရွာအုပ်စု၊ အ.ထ.က (ခွဲ) သက္ကယ်ပြင် (သံ) ကျောင်း၌ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်း နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မော်လမြိုင်ကျွန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၅-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျုံလတာကျေးရွာအုပ်စု၊ ကျွန်းကလေး ကျေးရွာ၌ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၃-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ ဈေးများတွင် ငလျင် ဘေး၊ မိုးကြိုးဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ကို ဌာနဆိုင်ရာများနှင့် အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလအတွင်း သင်တန်းဖွင့်လှစ်ပို့ချခြင်း



ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၅-၁၂-၂၀၂၅) ရက်မှ (၁၉-၁၂-၂၀၂၅) ရက်အထိ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်း(BDMC) ကို ဖွင့်လှစ်ခဲ့ပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်း (၅၀) ဦး တက်ရောက်ခဲ့ပါသည်။

ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် (၁၆-၁၂-၂၀၂၅) ရက်မှ (၁၈-၁၂-၂၀၂၅) ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်း ခရိုင်ဦးစီးမှူးရုံး၊ သင်တန်းခန်းမ၌ ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ကို ဖွင့်လှစ်ခဲ့ပြီး ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်း (၅၀) ဦး တက်ရောက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလအတွင်း မီးဘေးထောက်ပံ့ခြင်း

ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၉-၁၁-၂၀၂၅) ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး တို့ကို (၃-၁၂-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၉-၁၁-၂၀၂၅) ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၇)မျိုး တို့ကို (၁၆-၁၂-၂၀၂၅) ရက်တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၆-၁၂-၂၀၂၅)ရက်တွင်မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် ပျက်စီး လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၅)မျိုးတို့ကို (၉-၁၂-၂၀၂၅)ရက်တွင်သွားရောက် ထောက်ပံ့ခဲ့ပါသည်။

ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၆-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီ တိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ် (၅) ရပ်ကွက်၌ မီးဘေးဖြစ်ပွား ခဲ့မှုကြောင့် လုံးဝပျက်စီးနေအိမ်များနှင့်

တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်များအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ဘေးသင့်သူများအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၆-၁၂-၂၀၂၅)ရက်တွင်သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ကျုံပျော်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၂-၁၂-၂၀၂၅) ရက်နှင့် (၁၆-၁၂-၂၀၂၅) ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့နယ်၊ ပျဉ်ချဆိပ်ကျေးရွာ အုပ်စု၊ ရွာသစ်ကျေးရွာနှင့် ပင်လုံရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး တို့ကို (၁၇-၁၂-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။




ဓနုဖြူမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၈-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၌ မီးဘေးဖြစ်ပွား ခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီး နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၁၈-၁၂-၂၀၂၅)ရက်တွင်သွားရောက်ထောက်ပံ့ခဲ့ပါသည်။




နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် (၁၉-၁၂-၂၀၂၅) ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာကျေးရွာအုပ်စု၊ ဇေယျာသိမ်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီးနေအိမ်များအတွက်၊ အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေတို့ကို (၂၄-၁၂-၂၀၂၅) ရက်တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။

ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၆-၁၂-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ တောင်ကြီး မြို့နယ်၊ အေးသာယာမြို့၊ နမ (၂)၌ မီးဘေးဖြစ်ပွားခဲ့မှု ကြောင့် ဒဏ်ရာရရှိသူ များအတွက် ဒဏ်ရာရထောက်ပံ့ ငွေကို (၁၈-၁၂-၂၀၂၅) ရက်တွင် သွားရောက် ထောက်ပံ့ ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလအတွင်း ငလျင်ဘေးထောက်ပံ့ခြင်း

ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် (၂၈-၃-၂၀၂၅) ရက်တွင် မန္တလေး တိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု (၈၀) စု၌ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီး ဘာသာရေးကျောင်းများနှင့် တစ်စိတ်တစ်ပိုင်းပျက်စီး ဘာသာရေးကျောင်းများအတွက် ကျောင်းဆောက်ပစ္စည်း ဖိုး ထောက်ပံ့ငွေတို့ကို (၂-၁၂-၂၀၂၅)ရက်တွင်သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကမ်းပြိုဘေးထောက်ပံ့ခြင်း



ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၈-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီ တိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ရန်ကင်းစံရာအုပ်စု၊ အနောက်ကျွန်းကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၉-၁၂-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ရန်ကင်းစံရာအုပ်စု၊ အနောက်ကျွန်းကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၃-၁၂-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။





ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၂-၁၂-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ရန်ကင်းစံရာအုပ်စု၊ အနောက်ကျွန်းကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၂၃-၁၂-၂၀၂၅) ရက်တွင်သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလအတွင်း ထူးခြားဘေးထောက်ပံ့ခြင်း

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၈-၁၁-၂၀၂၅) ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊မတ္တရာမြို့နယ်၊ကျေးရွာအုပ်စု (၂) စု၌ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကို (၄-၁၂-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

ကယားပြည်နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၁-၁၁-၂၀၂၅) ရက်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်း၌ အကြမ်းဖက်ဖြစ်ပွားမှုကြောင့် လုံးဝပျက်စီး နေအိမ်များနှင့် တစ်စိတ်တစ်ပိုင်းပျက်စီး နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး တို့ကို (၄-၁၂-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



# စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်) ၌ စခန်း အခြေပြုပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို (၂၂-၁၂-၂၀၂၅) ရက်တွင် ဝက်ထီးကန်မြို့၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းက ပြန်လည်ထူထောင်ရေးဦးစီးဌာန ကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဦးစီးဌာန၏ လုပ်ငန်းတာဝန် (၅)ရပ် အနက်မှ လုပ်ငန်းတစ်ရပ် ဖြစ်သည့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် တို့တွင် မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင် ရေးစခန်း (၁၄) ခု ဖွင့်လှစ်ထားရှိပါကြောင်း၊ ဦးစီးဌာန အနေဖြင့် ၂၀၁၈ ခုနှစ်မှ ယခုအချိန်ထိ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၅၁) ကြိမ်၊ သင်တန်း သား (၁၂၇၉) ဦးအားလည်းကောင်း၊ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁၉) ကြိမ်၊ သင်တန်း သား (၆၄၄)ဦးအား ပြန်လည်ထူထောင်မှု ပေးနိုင်ခဲ့ပါ ကြောင်း၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်း (၄၂) ကြိမ်၊ သင်တန်းသား (၁၀၄၁) ဦးအား နောက်ဆက်တွဲ လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ ပါကြောင်း၊ ဝက်ထီးကန် ပြန်လည်ထူထောင်ရေးစခန်း အနေဖြင့် ၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလထိ စခန်း အခြေပြုပြန်လည်ထူထောင်ရေးသင်တန်း (၉) ကြိမ်၊ သင်တန်းသား (၂၀၂)ဦးအား ပြန်လည်ထူထောင်မှု ပေးနိုင်ခဲ့ပါကြောင်း၊ စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ် ရေးမှူး သင်တန်း (၄)ကြိမ်၊ သင်တန်းသား (၉၀)ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ် လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များသည် မူးယစ်ဆေးဝါး၏ သားကောင် အများဆုံးဖြစ်နေသည်ကို ရင်နင့်ဖွယ်တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာ သည် တစ်ဦးတစ်ယောက်၏ ပြဿနာမဟုတ်ဘဲ နိုင်ငံတော်၊ မိသားစု၊ လူမှုအသိုင်းအဝိုင်းတို့နှင့် အပြန် အလှန် ဆက်စပ်နေသည့် အရေးကြီးသည့် ကိစ္စရပ် ဖြစ်ပါကြောင်း၊သင်တန်းသားများပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွင် မိသားစုဝင်များ၏ နွေးထွေးသည့် မေတ္တာနှင့် နားလည်ပေးမှုသည် အလွန်အရေးပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာအား ရိုးရှင်းသော ပြဿနာ တစ်ခုအဖြစ်သာ မဟုတ်ဘဲ ကုသ၍ရသော ရောဂါတစ်ခု အဖြစ်ရှုမြင်သင့်ပါကြောင်း၊ မူးယစ်ဆေးစွဲခြင်းသည် စိတ်ပိုင်း/ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများစွာရှိသည့် ရောဂါ တစ်မျိုးဖြစ်ပြီး မှားယွင်းသောလမ်းသို့ ရောက်ခဲ့ ရသည့် လူငယ်များအား ပစ်ပယ်ခြင်းမရှိဘဲ ဝိုင်းဝန်းကူညီ ထူထောင်ပေးရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီး သူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်) အနေဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များအတိုင်း မူးယစ်ဆေးစွဲဝေဒနာ ခံစားနေရ သူများကို လူမှုအသိုင်းအဝိုင်းအတွင်း ဂုဏ်သိက္ခာရှိစွာ ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီး သူများပြန်လည်ထူထောင်ရေးစခန်းများအနေနဲ့စိတ်ပိုင်း/ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား စနစ်တကျဆောင်ရွက် လျက်ရှိပါကြောင်း၊ စိတ်ပိုင်း ဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းဖြင့် နောက်တစ်ကြိမ် ဆေးပြန်လည် မသုံးစွဲရန် ကြိုတင်ကာကွယ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချသော သင်ခန်းစာများအား သင်ယူခြင်းဖြင့် မိမိတို့ရပ်ရွာသို့ ပြန်လည်ရောက်ရှိသည့်အခါ မိမိတို့ ပတ်ဝန်းကျင်ရှိ လူငယ်လူရွယ်များအား မူးယစ်ဆေးဝါး ဆိုးကျိုးများအကြောင်း အသိပညာ ပေးနိုင်မည်ဟု

မျှော်လင့်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို လက်တွေ့ကျကျ သင်ကြားပေးလျက်ရှိပြီး သင်တန်းသားများ၏ ကိုယ်ပိုင်ဘဝရပ်တည်နိုင်စွမ်းကို မြှင့်တင်ပေးလျက်ရှိရာ လူမှုအသိုင်းအဝိုင်းအတွင်း ဂုဏ်သိက္ခာရှိသော နိုင်ငံ့သားကောင်းများအဖြစ်ပြန်လည် ဝင်ဆံ့နိုင်ရန် အားပေးထူမ ပေးလျက်ရှိပါကြောင်း၊ သင်တန်းသားများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီစိုက်ပျိုးခြင်းသည် ကာယအားဖြင့် အလုပ်ပေး ကုထုံးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် မူးယစ်ဆေးဝါးမှလွတ် မြောက်သောဘဝသည် ပန်းတိုင်တစ်ခုမဟုတ်ဘဲ နေ့စဉ်နှင့်အမျှ ကြိုးစားရမည့် ခရီးတစ်ခုသာဖြစ်ပါကြောင်း၊ မူးယစ်ဆေးနှင့် ဝေးကွာခဲ့ပြီဆိုသည့် ဂုဏ်ယူပီတိဖြစ်နိုင်သည်အထိ ကြိုးစားကြရန် လိုအပ်ပါကြောင်း သင်တန်းအား အောင်မြင်စွာပြီးဆုံးပြီးနောက် သင်တန်းသားများအနေဖြင့် မိသားစု၊ ရပ်ရွာနှင့် နိုင်ငံတော်အတွက် တာဝန်ယူနိုင်သော နိုင်ငံ့သားကောင်းများအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း၊ မူးယစ် ဆေးဝါးပြဿနာအား ရင်ဆိုင်ဖြေရှင်းပြီး မျှော်လင့်ချက်နှင့်ပြည့်ဝသောအနာဂတ်အား အတူတကွ တည်ဆောက်သွားကြရန်တိုက်တွန်းပြောကြားခဲ့ပါသည်။



အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြန်လည် ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းနှင့် ရုံးချုပ်မှတာဝန်ရှိသူများ၊ အမှတ် (၂) ရဲလေ့ကျင့်ရေးသင်တန်း ကျောင်းမှ ကျောင်းအုပ်ကြီး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အရပ်ဖက်၊ မိတ်ဖက် လူမှုအဖွဲ့အစည်းများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း (၉၅)ဦး တက်ရောက်ခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ခဝဲခြံမျက်မမြင်ကျောင်းနှင့် မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းများသို့ လှည့်လည်ကြည့်ရှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်တွင် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသည့် ခဝဲခြံ မျက်မမြင်ကျောင်းရှိ မျက်မမြင်ကလေးများ စာမေးပွဲဖြေဆိုရန်ပြင်ဆင်နေမှု၊ လက်မှုပညာ သင်ကြားနေမှု၊ မျက်မမြင် စာကြည့်တိုက်နှင့် မုန့်ဖုတ်ခန်းတို့အား လိုက်လံကြည့်ရှုခဲ့ပါသည်။

ထို့နောက် စုပေါင်းခန်းမတွင် မျက်မမြင် ကလေးများက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းရှိ ဝန်ထမ်းများနှင့် ကျောင်းသား/ ကျောင်းသူများအား မှာကြား စကားပြောကြားရာ အမြင်အာရုံမသန်စွမ်းသူများ၏ ဘဝရပ်တည်ရေးအတွက် လေ့ကျင့်သင်ကြား ပေးနေသည့် ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ မသန်စွမ်းသူများသည် အခက်အခဲများ အတားအဆီးများကို ကျော်လွှားပြီး အောင်မြင်နေမှုများကို တစ်ကမ္ဘာလုံးတွင် တွေ့မြင်နေရပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ အတားအဆီးကင်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ အသက်မွေးဝမ်းကျောင်း ပညာများ သင်ယူနိုင်ရေး၊ အလုပ်အကိုင်များရရှိရေးနှင့် မှီခိုမှုကင်းသော ဘဝရပ်တည် နေထိုင်နိုင်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသော်လည်း စွမ်းဆောင်နိုင်သူများဖြစ်သည့်အလျှောက် စွမ်းဆောင်ရည်ပြည့်ဝအောင် ကြိုးစား ဆောင်ရွက်ကြ ရမှာဖြစ်ပါကြောင်း၊ မသန်စွမ်းကျောင်းများအတွက် တည်ထောင်ခွင့်ပြုမိန့်နှင့် ဆန်၊ စားစရိတ်၊ အဝတ်အစားစရိတ်နှင့် ဂေဟာမှူးလစာများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ခဝဲခြံ မျက်မမြင်ကျောင်းအား နှစ်စဉ်ဆန်ဘိုး

ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း ပြောကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး ဝန်ထမ်းများနှင့် ကျောင်းသား/ သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာနမှ တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ဒဂုံမြို့နယ်ရှိ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းသို့ ရောက်ရှိခဲ့ရာ နားမကြားသောကလေးများအား Sign Language ဖြင့် စာပေသင်ကြားနေမှုများ၊ အသက်မွေး ဝမ်းကျောင်း သင်ကြားနေမှုများနှင့် Audio Class၊ ဂျပန်အကြောပြင်အနှိပ်ခန်း၊ စာသင်ဆောင်၊ အိပ်ဆောင်နှင့် ကျောင်းပြတိုက်များသို့ လှည့်လည်ကြည့်ရှုခဲ့ပြီး ကျောင်းအတွက် မိမိတို့ဝန်ကြီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေ ၃၁.၈၁၈ သန်းအား ထောက်ပံ့ပေးထားပါကြောင်း၊ နားမကြားသူများ လူမှုအသိုင်းအဝန်းအတွင်း ဝင်ဆံ့နိုင်ရေး၊ အခက်အခဲအတားအဆီးများဖယ်ရှားပေးနိုင်ရေး၊ အမှီအခိုကင်းစွာ ရပ်တည်နိုင်ရေးတို့ လေ့ကျင့်ပေးစေလိုကြောင်း မှာကြားခဲ့ပြီး အလှူငွေများပေးအပ်ခဲ့ပါသည်။



**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်** **ရန်ကုန်တိုင်းဒေသကြီး**










